# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 21 , 2023 | Volume 67, Number 15


၂၁.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၃.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၁.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပေါ်ဦးပေါ်ဖျား ဂျပန်နှမ်းဖြူများ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ



မကွေးဂျာနယ်

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်သို့ ပေါ်ဦးပေါ်ဖျား ဂျပန်နှမ်းဖြူများ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကာ အရောင်းအဝယ်များ သွက်လက်မြန်ဆန်နေကြောင်း မန္တလေးမြို့ရှိ နှမ်းကုန်သည်များထံမှ သိရသည်။

အဆိုပါ ဂျပန်နှမ်းဖြူမှာ လက်ရှိတွင် မန္တလေးဈေးကွက်သို့ ကျောက်ဆည်နယ်ဒေသတဝိုက်မှ ဝင်ရောက်လာကြောင်း၊ ဂျပန်နှမ်းဖြူသည် ပြီးခဲ့သည့်နှစ် ကာလတူအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ရှိခဲ့ရာမှ ယနေ့ပေါက်ဈေးများအနေဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၃၀၀၀ ပေါက်ဈေးဖြင့် စံချိန်တင်မြင့်တက်လာကာ ဈေးနှုန်းကောင်းများရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။ “မန္တလေးဈေးကွက်ကို ကျောက်ဆည်နယ် ဒေသကနေ ဂျပန်နှမ်းဖြူတွေ ဝင်ရောက်နေပါတယ်။ ဂျပန်နှမ်းဖြူမျိုးဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ဂျပန်နှမ်းမျိုးကိုယူပြီးတော့ စတင်စိုက်ပျိုးခဲ့လို့ ဂျပန်နှမ်းဖြူလို့ခေါ်တာပါ။ ဂျပန်နှမ်းဖြူရဲ့ ထူးခြားချက်က ရိုးရိုးနှမ်းဖြူနဲ့စာရင် အရောင်လည်းဖြူတယ်၊ အလုံးအဖန်မှာလည်း ပိုထွားတယ်။ ဒါကြောင့် ရောင်းပန်းလှပြီးတော့ ရောင်းတန်းဝင်နေတာပါ။ နှမ်းဖြူ၊ နှမ်းဝါ၊ နှမ်းညို၊ နှမ်းနက်၊ ရိုးရိုးနှမ်းဖြူ၊ ဂျပန်နှမ်းဖြူစတဲ့ အမျိုးမျိုးရှိတဲ့အထဲမှာ ဂျပန်နှမ်းဖြူနဲ့ စမုံနက်နှမ်းတွေကတော့ နှမ်းဈေးကွက်ထဲမှာ ရေပန်း အစားဆုံးသီးနှံဖြစ်တယ်။ ဂျပန်နှမ်းဖြူထွက်သမျှကို တရုတ်ပြည်ဈေးကွက်က ဝယ်ယူနေတာဖြစ်တယ်။ တရုတ်နိုင်ငံက နှမ်းကို စားသုံးမှုအပြင် နည်းပညာအသုံးပြုပြီး အလှကုန်တွေ၊ မုန့်လုပ်ငန်းတွေနဲ့ ဆေးဝါးဖော်စပ်တဲ့နေရာတွေမှာ ထည့်သွင်းသုံးစွဲနေတယ်လို့ ကြားသိရတယ်။ ဇူလိုင်လထဲမှာ လှိုင်လှိုင်ထွက်ပေါ်လာတော့မှာပါ။ ဝယ်လိုအားကလည်း များနေပါတယ်။ နောက်ပိုင်းဆိုရင် ဈေးကတက်လာဖို့ အလားအလာကောင်းများ ရှိနေပါတယ်” ဟု ၎င်းကပြောသည်။

အဆိုပါ နှမ်းသီးနှံကို သီးထပ်အဖြစ် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး ရက် ၁၀၀ အတွင်း ပေါ်ထွက်လေ့ရှိသော သီးနှံဖြစ်သည့်အပြင် ရောင်းချရာတွင်လည်း အခက်အခဲမရှိသော မြန်မာ့ထွက်ကုန်တစ်ခုဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့်လယ်တွင်းကိုးခရိုင်မှ ထွက်ရှိလာသည့် ဂျပန်နှမ်းဖြူများသည် ဈေးကွက်အတွင်း၌ လူကြိုက်အများဆုံး ဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## လက်ရှိဘဏ္ဍာနှစ် နှစ်လအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ၁၉၈၃၅၄ တန် တင်ပို့မှုမှ ဒေါ်လာ ၈၄ သန်း ရရှိခဲ့ပြီး မေလအတွင်း တူရကီသို့ ဆန်အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်လအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၉၈၃၅၄ တန် တင်ပို့မှုမှ ဒေါ်လာ ၈၄ သန်း ရရှိခဲ့ပြီး မေလအတွင်း တူရကီသို့ ဆန်အများဆုံးတင်ပို့ခဲ့ပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံသို့ အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၈၇၆၄၈ တန် တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃၆ သန်းရရှိခဲ့သည်။ မေလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၁၀၇၀၆ တင်ပို့မှုမှ ဒေါ်လာ ၄၈ သန်းရရှိခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ပြီး ပို့ကုန်ဝင်ငွေ ဒေါ်လာသန်း ၁၀၀၀ ရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ်လကုန်အထိ ပြည်ပသို့ မြန်မာ့ဆန်တန်ချိန် ၂၂၆၁၂၀၃ တင်ပို့ခဲ့ပြီး ဝင်ငွေဒေါ်လာ ၈၅၃ ဒသမ ၄၇၂ သန်းရရှိခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၁၇ ရက်အထိ(ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၁၂၆၄၂၆၀ ဒသမ ၁၉၆တန်၊ တန်ဖိုးဒေါ်လာ ၄၉၁ ဒသမ ၂၀၉ သန်း၊ ဆန်ကွဲတန်ချိန် ၈၄၂၆၃၅ ဒသမ ၁၆၀ တန်၊ တန်ဖိုးဒေါ်လာ၂၉၃ ဒသမ ၁၁၅ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတန်ချိန် ၂၁၀၆၈၉၅ ဒသမ ၃၅၆ တန်ရှိပြီး တန်ဖိုးဒေါ်လာသန်းပေါင်း ၇၈၄ ဒသမ ၃၂၄ သန်းရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနမှသိရသည်။

ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၂၆၈၅၇၀ ဒသမ ၆၀၅ တန် တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၄၄၆ ဒသမ ၈၈၆ သန်း၊ ဆန်ကွဲတန်ချိန် ၇၇၂၁၀၄ ဒသမ ၉၈၀ တန် တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၂၃၉ ဒသမ ၀၄၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၂၀၄၀၆၇၅ ဒသမ ၅၈၅ တန် တင်ပို့မှုမှ တန်ဖိုးဒေါ်လာ သန်းပေါင်း ၆၈၅ ဒသမ ၉၂၈ သန်း တင်ပို့ခဲ့သည်။

ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၃၁၀ ဒသမ ၄၀၉ တန် လျော့နည်းတင်ပို့ခဲ့သော်လည်း တန်ဖိုးအနေဖြင့် ဒေါ်လာ ၄၄ဒသမ ၃၂၃ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၇၀၅၃၀ ဒသမ ၁၈၀ တန်၊ တန်ဖိုး ဒေါ်လာ ၅၄ ဒသမ ၀၇၃ သန်း ပိုမို တင်ပို့နိုင်ခဲ့သည်။

၂၀၂၁ ခုနှစ်အတွင်း လအလိုက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဇန်နဝါရီလတွင် ဒေါ်လာ ၉၆ ဒသမ ၂ သန်း၊ ဖေဖော်ဝါရီလတွင် ဒေါ်လာ ၄၅ သန်း၊ မတ်လတွင် ဒေါ်လာ ၄၂ ဒသမ ၄ သန်း၊ ဧပြီလတွင် ဒေါ်လာ ၄၇ ဒသမ ၅ သန်း၊ မေလတွင် ဒေါ်လာ ၇၂ ဒသမ ၈ သန်း၊ ဇွန်လတွင် ဒေါ်လာ ၇၄ ဒသမ ၇ သန်း၊ ဇူလိုင်လတွင် ဒေါ်လာ ၁၈ သန်း၊ ဩဂုတ်လတွင် ဒေါ်လာ ၁၈ ဒသမ ၈ သန်း၊ စက်တင်ဘာလတွင် ဒေါ်လာ ၃၈ ဒသမ ၂ သန်း၊ အောက်တိုဘာလတွင် ဒေါ်လာ ၅၆ ဒသမ ၂ သန်း၊ နိုဝင်ဘာတွင် ဒေါ်လာ ၇၂ ဒသမ ၂ သန်းနှင့် ဒီဇင်ဘာတွင် ဒေါ်လာ ၁၀၅ ဒသမ ၁ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၆၈၇ ဒသမ ၂ သန်းရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှု လျော့ကျခဲ့သော်လည်း ဆန်ကွဲတင်ပို့မှု မြင့်တက်ခဲ့သဖြင့် ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာ ၈၄ သန်းကျော် ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/249833

## ကမ္ဘာ့စားအုန်းဆီဈေး အမြင့်ဈေးတွင် ငြိမ်နေသည့်အတွက် ပြည်တွင်းဈေး သိသိသာသာကျဆင်းသွားခြင်းမရှိ




လတ်တလော ကမ္ဘာ့စားအုန်းဆီဈေး အမြင့်ဈေးတွင်ငြိမ်နေသည့်အတွက် ပြည်တွင်းဈေး သိသိသာသာကျဆင်းသွားခြင်းမရှိကြောင်း ဈေးကွက်မှ သိရသည်။

ယခုအပတ်တွင် ကမ္ဘာ့စားအုန်းဆီဈေး အမြင့်ဈေးတွင်ရှိနေပြီး စားအုန်းဆီ အဓိထုတ်လုပ် တင်သွင်းနေသည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့က ပြည်ပတင်ပို့မှု ခွင့်ပြုသည့်ပမာဏကို လျှော့ချထားခြင်းကြောင့် ဆီဈေးမှာ အမြင့်ဈေးတွင်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ လက်လီလက်ကားဈေးကွက်တွင် စားအုန်းဆီတစ်ပိဿာလျှင် ၆၅၀၀ ကျပ် ပေါက်ဈေးအထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ နေရာဒေသ အလိုက် ဈေးနှုန်းအနည်းငယ်ကွာဟကာ အရောင်းအဝယ်ပြုလုပ်နေကြသည်။

"အခုက ကမ္ဘာ့ဈေးမှာ အတက်ဈေးနဲ့ငြိမ်နေတယ်။ ပြည်ပက အဓိကတင်သွင်းနေတဲ့ နိုင်ငံတွေကလဲ သူတို့နိုင်ငံ စားအုန်းဆီဖူလုံမှုရှိဖို့ ပြည်ပတင်ပို့မှု ခွင့်ပြုသည့်ပမာဏကို လျှော့ချထားတယ်။ ဒါကြောင့်ပြည်ပက ကန့်သတ်နဲ့ တင်သွင်း နေရတော့ ပြည်တွင်းမှာ အရင်ကထက် အဝင်နည်းတယ်။ ဒါကြောင့် လက်လီလက်ကားဆိုင်တွေကလဲ လုံလုံလောက်လောက် မရတော့ ဈေးနှုန်းက အတက်ဈေးမှာပဲရှိနေတာ သိသိသာသာကျဆင်းသွားတာမရှိဘူး။ ကျလဲ အနည်းငယ်ပဲ" ဟု ရန်ကုန်မြို့မှ ဆီလုပ်ငန်းရှင်တစ်ဦးကပြောသည်။ သို့သော် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သတ်မှတ်ထားသည့် အခြေခံရည်ညွှန်းဈေးမှာ ပြီးခဲ့သည့်လထက် သိသိသာသာ ကျဆင်းလာလျက်ရှိသည်။

စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်း များကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက် ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများအား ထုတ်ပြန်လျက်ရှိရာ ပြီးခဲ့သည့် မတ်လက ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး စားအုန်းဆီတစ်ပိဿာလျှင် ၄၁၆၅ ကျပ်ထိရှိခဲ့ပြီး လက်ရှိ ဧပြီလ ၁၉ ရက်နေ့မှ ဧပြီလ ၂၅ ရက်နေ့အထိ တစ်ပိဿာလျှင် ၃၈၆၀ ကျပ်သာ သတ်မှတ်ထားကြောင်းသိရ သည်။ "ရည်ညွှန်းဈေးက ဧပြီလ ပထမပတ်ထဲက စကျလာကာ ပြီးခဲ့တဲ့ ဒုတိယအပတ်က ရည်ညွှန်းဈေးတစ်ပိဿာကို ၃၇၅၀ ကျပ်ပဲရှိတာ ဒီအပတ် ၃၈၆၀ ဆိုတော့ ပြန်တက်လာတာ ပြောရမယ်။ အဓိက ကမ္ဘာ့စားအုန်းဆီဈေး ပြန်မာလာပြီး ဒေါ်လာ ဈေးလဲ ပြန်တက်လာလို့" ဟု ဆီအရောင်းအဝယ်လုပ်ကိုင်သူ ကိုမင်းသိန်းကပြောသည်။

ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်း များ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားခြင်းလည်းရှိသည်။ "အခုအပြင်မှာ စားအုန်းဆီ ၆၅၀၀ ဈေးနဲ့ဝယ်ရတယ်။ နည်းနည်းကျသွားတယ်လို့ပြောရမှာပေါ့၊ အရင်က ၇၀၀၀ ကျော်တယ်။ နမ်းဆီနဲ့ ပဲဆီက တစ်ဆယ်သား ၁၀၀၀ လောက်ပေးဝယ်ရတယ်။ ရည်ညွှန်းဈေးတွေသာ ထုတ်ပြန်နေတာ စားသုံးသူတွေက တခါမှ အဲဒီဈေးနဲ့ မရဖူးဘူး"ဟု သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်သူ စားသုံးသူတစ်ဦးကပြောသည်။

ပြည်တွင်း၌ စားအုန်းဆီသုံးစွဲမှု တစ်နှစ်လျှင် တန်ချိန် ၁၀ သိန်းကျော်အထိ ရှိသောကြောင့် နှစ်စဉ် တန်ချိန် ၆ သိန်းမှ ၇ သိန်းကြားအား မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများကို အဓိကထား၍ တင်သွင်းနေရကြောင်း သိရ သည်။

**AMIA**

**Source:** https://t.me/htwettoe

## မေလအတွင်း ပဲတီစိမ်း၊ မတ်ပဲနှင့်ပဲစင်းငုံတင်ပို့မှုမှ ကန်ဒေါ်လာသန်း (၁၁၀) ကျော်ရရှိ



Popular News Journal

ပြီးခဲ့သည့် မေလ (၁) ရက်မှ (၃၁) ရက်အထိ တစ်လတာအတွင်း ပြည်ပနိုင်ငံများသို့ ပဲတီစိမ်း၊ မတ်ပဲနှင့်ပဲစင်းငုံတန်ချိန် စုစုပေါင်း ၁၄၈၂၂၀ ကျော် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း (၁၁၀) ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရရှိသည့်အချက်အလက်အရ သိရသည်။

မေလအတွင်း ပဲတီစိမ်းတင်ပို့မှုမှ တန်ချိန်စုစုပေါင်း ၇၇၀၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၈၅ သန်း၊ မတ်ပဲတင်ပို့မှုမှ တန်ချိန် ၅၂၀၀၀ နီးပါးနှင့် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၀၂၉ သန်း၊ ပဲစင်းငုံတင်ပို့မှုမှ တန်ချိန် ၁၈၅၀၀ ခန့်နှင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၆၀ သန်းရရှိခဲ့ခြင်းဖြစ်သည်။ မေလအတွင်း ပြည်ပသို့ ပဲတီစိမ်း တင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့မှုတန်ချိန် ၇၇၀၀၀ ကျော်ရှိခဲ့သည်။

ပင်လယ်ရေကြောင်းမှ တင်ပို့မှုတန်ချိန် ၇၀၇၀၀ နှင့် နယ်စပ်မှတင်ပို့မှု ၆၄၃၅ တန်ရှိကာ စုစုပေါင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၄.၀၂၉ သန်း ရရှိခဲ့ကြောင်း သိရသည်။ နိုင်ငံအလိုက် တင်ပို့မှုများအနေဖြင့် ရေကြောင်းမှတဆင့် တရုတ်နိုင်ငံသို့ တန်ချိန် ၅၅၄၈၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၅၅၂၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၂၅၀ ကျော်၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၁၆၇၀ ကျော်၊ ဥရောပနိုင်ငံများသို့ တန်ချိန် ၁၄၇၀ ကျော်၊ ထိုင်းနိုင်ငံသို့ ၁၃၆၀ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ ၁၀၅၀ တန်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၇၉၀ ကျော်တင်ပို့ခဲ့ပြီး မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၆၄၃၅ တန် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မတ်ပဲတင်ပို့မှုတွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ချိန် ၅၂,၀၀၀ တန် နီးပါးနှင့် နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၅၈၉ တန် တင်ပို့ခဲ့ကာ ပို့ကုန်ရငွေ ကန်ဒေါ်လာ ၄၄.၆ ၄၅ သန်း ရရှိခဲ့ကြောင်းသိရသည်။ နိုင်ငံအလိုက် တင်ပို့မှုများအနေဖြင့် ပင်လယ်ရေကြောင်းမှ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၄၀,၀၇၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၃,၁၉၀ နီးပါး၊ ပါကစ္စတန်သို့ တန်ချိန် ၂,၇၀၀ ကျော်၊ မလေးရှားသို့ ၁၉၅၅ တန်၊ အင်ဒိုနီးရှားသို့ တန်ချိန် ၂၅၀ နှင့် နယ်စပ်ကုန်သွယ်မှုကဏ္ဍမှ မြန်မာ–ထိုင်းနယ်စပ်မှ မတ်ပဲ ၅၇၆ တန်နှင့် မြန်မာ–ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ၁၃ တန် တင်ပို့ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်ပသို့ ပဲစင်းငုံတင်ပို့မှုအနေဖြင့် ပြီးခဲ့သည့် မေလအတွင်းက အိန္ဒိယသို့ တန်ချိန် ၁၇၀၇၀ ကျော်နှင့် မလေးရှားသို့ ၁၃၇၅ တန်တင်ပို့ခဲ့ပြီး စင်ကာပူနှင့်ဥရောပနိုင်ငံများသို့လည်း အနည်းငယ်စီတင်ပို့ခဲ့သဖြင့် စုစုပေါင်း ပဲစင်းငုံတင်ပို့မှုတန်ချိန် ၁၈၅၀၀ ခန့် တင်ပို့ခဲ့ကာ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၆၀ သန်း ရရှိထားကြောင်း သိရသည်။

**Source: Popular News Journal**

## ရေထွက်ကုန်ပစ္စည်းတန်ချိန် ၁၈၀၀ ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့နေ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အအေးခန်းစက်ရုံများမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းတန်ချိန် ၁၈၀၀ ကို EU အဖွဲ့ဝင် (၁၇) နိုင်ငံသို့ လစဉ်တင်ပို့နေကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယင်းကဲ့သို့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ရေထွက်ကုန်တင်ပို့ရာတွင် ရေကြောင်းကုန်သွယ်မှုကဏ္ဍမှတဆင့် ကွန်တိန်နာများဖြင့် တင်ပို့ပေးနေခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်ရွှေက နိုင်ငံပိုင်သတင်းဌာနမှတဆင့် ပြောကြားထားသည်။

“ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ပြည်တွင်းရေသယံဇာတ စားသုံးမှုဖူလုံပြီး ပိုလျှံသမျှကို ပြည်ပကိုတင်ပို့နိုင်ရေး ဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ မွေးမြူရေးပိုင်းကရော၊ ဖမ်းဆီးရေးပိုင်းကပါ ရသမျှရေသယံဇာတတွေကို ကုန်ကြမ်းအနေနဲ့ တင်ပို့တာရှိသလို ကုန်ချောအနေနဲ့လည်း တင်ပို့တာရှိပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကို စက်ရုံတွေက ထွက်လာတဲ့ ကုန်ချောတွေကို တင်ပို့ပြီး ကုန်ကြမ်းတွေကိုတော့ နယ်စပ်လမ်းကြောင်းကနေ တင်ပို့နေပါတယ်”ဟု ဦးမြင့်ရွှေက ပြောသည်။


ရန်ကုန်တိုင်းဒေသကြီးတွင် အအေးခန်းစက်ရုံများ၊ ငါးပုဇွန်မွေးမြူရေးကန်များ၊ ငါးသားဖောက်စခန်းများအပြင် ကျောက်တန်းမြို့နယ်တွင်လည်း ပြည်ပပို့ရန်အတွက် ရည်ရွယ်ထုတ်လုပ်သည့် ဂဏန်းမွေးမြူရေးဇုန်လည်းတည်ရှိပြီး ယင်းဂဏန်းမွေးမြူရေး

ဇုန်မှ တစ်လလျှင် ဂဏန်းပျော့ မက်ထရစ်တန် ၇၀ ခန့် ထုတ်လုပ်ကာ တရုတ် (တိုင်ပေ)သို့ တင်ပို့လျက်ရှိကြောင်းသိရသည်။

ရေထွက်ကုန်ပစ္စည်းများကို ဥရောပနိုင်ငံများအပြင် ဂျပန်နှင့်တရုတ်နိုင်ငံများသို့ ရေကြောင်းကုန်သွယ်မှုဖြင့် ပုံမှန်တင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံသို့ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရခိုင်ပြည်နယ်မှတဆင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများဖြင့် တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: Popular News Journal**

## STOCK EXCHANGE (21.6.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data


As of 21st Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,062 (Shares) | 30,485,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +100 | +1.27% | 7,900 | 8,000 | 7,900 | 491 | 3,920,100 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 2,374 | 6,884,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 6 | 43,200 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,500 | 1,500 | 1,500 | 11,324 | 16,986,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,400 | -50 | -2.04% | 2,400 | 2,400 | 2,400 | 100 | 240,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,500 | +50 | +2.04% | 2,450 | 2,500 | 2,450 | 550 | 1,370,000 | 19,977,223 | 49,943 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 217 | 1,041,600 | 10,497,598 | 50,389 |




| Index name | Close | Change | % Change | Open | High | Lo | ue (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.55 | +2.93 | +0.83% | 354.46 | 356.55 | 35 | 0,485,500 | 7 | 628,265 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Jun. 2023

| Trading Volume | Trading Value |
|---|---|
| 15,062 (Shares) | 30,485,500 (MMK) |

## Main Board

As of 1:00 pm, 21st Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,062 (Shares) | 30,485,500 (MMK) |

| MYANPIX | 356.55 ▲ 2.93 |
|---|---|
| Total Volume (shares) | 15,062 |
| Total Value (MMK) | 30 mil |
| Listed Company | 7 |
| Market Cap. (MMK) | 628,265 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,400 | ▼ 50 |
| EFR | 00006 | 2,500 | ▲ 50 |
| AMATA | 00007 | 4,800 | ▲ 0 |

TIR